# မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**မြေသြဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၁၅ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြေသြဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြေသြဇာဥပဒေတွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေပုဒ်မ ၃၆ တွင်ပါရှိသော "ငွေဒဏ် ကျပ် ၁၀ သိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်သိန်း ၃၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြေသြဇာဥပဒေပုဒ်မ ၃၇ တွင်ပါရှိသော "ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် ၁၅ သိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ယာယီသမ္မတ**